Food and Agriculture Organization of the United Nations

UN-HABITAT

UNHCR The UN Refugee Agency

WFP wfp.org

**သတင်းထုတ်ပြန်ကြေငြာချက်**

**ကုလသမဂ္ဂအဖွဲ့အစည်းများမှ မြန်မာနိုင်ငံတွင်းဆောင်ရွက်နေသည့်**
**လူသားချင်းစာနာထောက်ထားမှုဆိုင်ရာဆောင်ရွက်ချက်များနှင့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများအတွက်**
**ဂျပန်နိုင်ငံ၏စေတနာအပြည့်အဝဖြင့်လှူဒါန်းပါဝင်မှုအား လှိုက်လှဲစွာကြိုဆိုခြင်း**

**၃ ရက် မေလ ၂၀၁၆ ခုနှစ်**

**နေပြည်တော်၊ မြန်မာ** – ကုလသမဂ္ဂအဖွဲ့အစည်းများအနေဖြင့် ယနေ့ မြန်မာနိုင်ငံအတွင်း ၄င်းတို့ဆောင်ရွက်နေသည့် လုပ်ငန်းများအတွက် ဂျပန်နိုင်ငံအစိုးရ၏စေတနာအပြည့်အဝဖြင့် ထည့်ဝင်လှူဒါန်းမှုအပေါ် လှိုက်လှဲဝမ်းမြောက်စွာ ကြိုဆို ခဲ့သည်။

ကုလသမဂ္ဂအဖွဲ့အစည်းလေးခုဖြစ်သည့် ကုလသမဂ္ဂစားနပ်ရိက္ခာနှင့်စိုက်ပျိုးရေးအဖွဲ့ (FAO)၊ ကုလသမဂ္ဂမြို့ရွာနှင့် အိုးအိမ်ပြန်လည်ထူထောင်ရေးအစီအစဉ်(UN-Habitat)၊ ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာမဟာမင်းကြီးရုံး (UNHCR) နှင့် ကုလသမဂ္ဂ ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ် (WFP)တို့သည် ထည့်ဝင်လှူဒါန်းငွေစုစုပေါင်း ဂျပန်ယန်း ၃.၇၆ ဘီလီယံ (အမေရိကန် ဒေါ်လာ၃၁.၇မီလီယံခန့်)ကို လက်ခံရရှိခဲ့ပါသည်။ ၄င်းအဖွဲ့အစည်းများအနေဖြင့် အချိန်အခါသင့် ရရှိခဲ့သည့် ကူညီပံ့ပိုး ငွေများကိုအသုံးပြု၍ မြန်မာနိုင်ငံအတွင်းဆောင်ရွက်လျက်ရှိသည့် ဖွံ့ဖြိုးတိုးတက်ရေးနှင့် လူသားချင်းစာနာ ထောက်ထားမှုဆိုင်ရာလုပ်ငန်းများကို ဆက်လက်တိုးမြင့်ဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။

ဧပြီလ ၂၇ရက်နေ့၊ နေပြည်တော်ရှိ နယ်စပ်ရေးရာဝန်ကြီးဌာနတွင် ကျင်းပပြုလုပ်သည့်အခမ်းအနား၌ မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံအမတ်ကြီး H.E. Tateshi Higuchi မှ လှူဒါန်းငွေများကို ကုလသမဂ္ဂအဖွဲ့အစည်းများသို့ တရားဝင် လွှဲပြောင်းပေးအပ်ခဲ့ပါသည်။ လှူဒါန်းငွေများပေးအပ်ပွဲတွင် နယ်စပ်ရေးရာဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒုတိယ ဗိုလ်ချုပ်ကြီးရဲအောင်မှ မြန်မာနိုင်ငံအစိုးရကိုယ်စားတက်ရောက်မိန့်ခွန်းပြောကြားခဲ့ပါသည်။

ဂျပန်နိုင်ငံ၏လှူဒါန်းငွေဖြစ်သည့် ဂျပန်ယန်း ၅၃၀သန်း (အမေရိကန်ဒေါ်လာ၄.၅သန်း)ကို ကုလသမဂ္ဂစားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့အနေဖြင့် ပဋိပက္ခနှင့်ရေကြီးမှုကြောင့်ဘေးဒုက္ခခံစားခဲ့ရသည့် ရခိုင်ပြည်နယ်နှင့်ချင်းပြည်နယ်ရှိ ပြည်သူ လူထုအား စိုက်ပျိုးရေးဆိုင်ရာသက်မွေးဝမ်းကြောင်းလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးနှင့် ရပ်ရွာလူထု၏ ဘေးအန္တရာယ် ခုခံကာကွယ်နိုင်စွမ်းကိုထူထောင်ပေးသည့်လုပ်ငန်းများတွင်အသုံးပြုမည်ဖြစ်သည်။ လတ်တလောဆောင်ရွက်ခဲ့သည့် မြန်မာနိုင်ငံ၏သီးနှံနှင့်စားနပ်ရိက္ခာလုံခြုံမှုစစ်တမ်းအရ အထူးသဖြင့် ရခိုင်ပြည်နယ်နှင့်ချင်းပြည်နယ်ရှိ ဆင်းရဲနွမ်းပါး၍ ဝေးလံခေါင်သီသောဒေသများတွင်နေထိုင်ကြသူများသည် ဘေးအန္တရာယ်ကျရောက်မှုအပေါ် ကြံ့ကြံ့ခံနိုင်စွမ်းနည်းပါး သည်ကိုအလေးထားဖော်ပြထားကြောင်းတွေ့ရှိရပါသည်။

ဂျပန်နိုင်ငံ၏ပံ့ပိုးလှူဒါန်းငွေများသည် ဘေးသင့်ပြည်သူများအတွက် စိုက်ပျိုးရေးလုပ်ငန်းဆိုင်ရာ တိုက်ရိုက်သွင်းအားစုများဖြစ်သည့် သီးနှံသိုလှောင်ခြင်းနှင့် စိုက်ပျိုးရေရရှိရေး စနစ်များ ပြန်လည်ထူထောင်ပေးခြင်း၊ အဆင့်မြှင့်တင်ပေးခြင်း (သို့မဟုတ်) အစားထိုးဆောင်ရွက်ပေးခြင်း အစရှိသည့် အရေးပါသောအရင်းအမြစ်များရရှိစေရန် ထပ်လောင်းဆောင်ရွက်ပေးမည်ဖြစ်သည်။ "အခုဆောင်ရွက်နေတဲ့လုပ်ငန်းက နောင်ပေါ်ပေါက်လာနိုင်တဲ့ ဘေးအန္တရာယ်အခြေအနေတွေမှာ ပြည်သူလူထုတွေအနေနဲ့ အကောင်းဆုံးရင်ဆိုင် ကျော်လွှားနိုင်စွမ်းရှိစေဖို့ ဘေးအန္တရာယ်ဖြစ်နိုင်ခြေလျော့ချရေးဆိုင်ရာဆောင်ရွက်ချက်တွေနဲ့အတူ ပူးပေါင်း ဆောင်ရွက်မှာဖြစ်ပါတယ်" ဟု မြန်မာနိုင်ငံ ဆိုင်ရာ ကုလသမဂ္ဂစားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ကိုယ်စားလှယ် Bui Thi Lan မှပြောကြားခဲ့ပါသည်။

ကုလသမဂ္ဂမြို့ရွာနှင့် အိုးအိမ်ပြန်လည်ထူထောင်ရေးအစီအစဉ်(UN-Habitat) အဖွဲ့အနေဖြင့် လှူဒါန်းငွေ ဂျပန်ယန်း ၆၀၇သန်း (အမေရိကန်ဒေါ်လာ ၅.၁သန်း)လက်ခံရရှိခဲ့ပြီး၊ ၎င်းလှူဒါန်းငွေများကိုချင်းပြည်နယ်ရှိ ဘေးအန္တရာယ်ထိခိုက်ခံစားလွယ်သည့် ဒေသခံ တိုင်းရင်းသားများအတွက် အခြေခံလူမှုအဆောက်အဦများတည်ဆောက်ပေးခြင်း၊ သန့်ရှင်းသောသောက်သုံးရေရရှိရေး တိုးမြှင့်ဆောင်ရွက်ပေးခြင်းနှင့် ၂၀၁၅ခုနှစ်အတွင်း ရေကြီးရေလျှံမှုကြောင့် ဆိုးရွားစွာထိခိုက်ပျက်စီးခဲ့သည့် နေအိမ်များအား ပြန်လည်တည်ဆောက်ပေးခြင်း အစရှိသည့်လုပ်ငန်းများကို ဆောင်ရွက်သွားမည်ဖြစ်သည်။ လုပ်ငန်းဆောင်ရွက်မှု အနေဖြင့် ဦးတည်သတ်မှတ်ထားသော ပြည်သူလူထုအားအခြေခံထား၍ ကျန်းမာရေးနှင့်ညီညွတ်၍သင့်တင့်ကောင်းမွန်သောဘဝ ရရှိစေရန်အတွက် နေအိမ်နှင့်အရည်အသွေးပြည့်ဝသည့်အခြေခံလူမှုအဆောက်အဦများ ဆောက်လုပ်ပေးခြင်း သို့မဟုတ် ပြုပြင်ထိန်းသိမ်းပေးခြင်း စသည့်လုပ်ငန်းများဆောင်ရွက်ရာတွင် ပြည်သူလူထုကိုယ်တိုင်အတူတကွ ပူးပေါင်းပါဝင်ဆောင်ရွက်နိုင်စွမ်းရှိစေရန်အတွက် စွမ်းဆောင်ရည်မြှင့်တင်ရာတွင်အသုံးပြုမည်ဖြစ်သည်။ စီမံကိန်း ဆောင်ရွက်မှုသည် ဆင်းရဲနွမ်းပါးသည့်တိုင်းရင်းသားများနှင့် ဘေးအန္တရာယ်ကျရောက်လွယ်သည့် ပြည်သူလူထုတို့ သာမန်ဘဝအခြေအနေပြန်လည်ရောက်ရှိရေးအတွက် အရေးပေါ်လိုအပ်ချက်များဖြည့်ဆည်းရန်နှင့် ရေရှည်တိုးတက် ခိုင်မာသည့် ကျန်းမာပျော်ရွှင်သောလူမှုဘဝများရရှိရန်အစရှိသည့် လုပ်ငန်းရည်မှန်းချက်များနှင့်အညီ ရေးဆွဲထားခြင်း ဖြစ်ပါသည်။ ကုလသမဂ္ဂမြို့ရွာနှင့်အိုးအိမ်ပြန်လည်ထူထောင်ရေးအစီအစဉ် (UN-Habitat) မြန်မာနိုင်ငံဆိုင်ရာစီမံကိန်းမန်နေဂျာ Bijay Karmacharya မှ "စီမံကိန်းလုပ်ငန်းတွေက မိမိတို့ရဲ့နေအိမ်နဲ့ အခြေခံအဆောက်အဦတွေ ပြန်လည်ကောင်းမွန်လာဖို့ အပူတပြင်းလိုအပ်နေတဲ့ လိုအပ်ချက်အရှိဆုံးနဲ့ ဘေးဒုက္ခအရောက်ဆုံး သူတွေဆီကို ရောက်ရှိနိုင်ဖို့ဖြစ်ပါတယ်" ဟု ပြောကြားခဲ့ပါသည်။ လုပ်ငန်းဆောင်ရွက်မှုများကို ဟားခါး၊ တီးတိန်၊ ဖလမ်းနှင့် ထန်တလန်မြို့နယ်များရှိ ကျေးရွာပေါင်း ၂၀၀တွင်ဆောင်ရွက်မည်ဖြစ်ပြီး၊ လူပေါင်း ၉၀,၀၀၀ကျော် အကျိုးကျေးဇူး ရရှိနိုင်စေရန် ရည်ရွယ်ထားပါသည်။

ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာမဟာမင်းကြီးရုံးအနေဖြင့် ဂျပန်နိုင်ငံ၏လှူဒါန်းငွေ ဂျပန်ယန်း၃၆၅သန်း (အမေရိကန်ဒေါ်လာ၃.၁သန်း)ကို ကျေးဇူးတင်စွာဖြင့်လက်ခံရရှိခဲ့ပြီး၊ ၎င်းလှူဒါန်းငွေများကို ရခိုင်ပြည်နယ်ရှိ ပြည်တွင်း၌နေရပ်စွန့်ခွာရွှေ့ပြောင်းနေထိုင်သူများနှင့်တကွ နိုင်ငံတစ်ပုံမ်းရှိနိုင်ငံသားအဖြစ်သို့မရောက်ရှိသေးသူများအတွက် လိုအပ်ချက်များ ဖြည့်ဆည်းဆောင်ရွက်ပေးနေသောမြန်မာနိုင်ငံအစိုးရ၏လုပ်ငန်းဆောင်ရွက်မှုများတွင်ကူညီပံ့ပိုးပေးမည်ဖြစ်ပါသည်။ ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာမဟာမင်းကြီးရုံးသည်ရခိုင်ပြည်နယ်၊ကချင်ပြည်နယ်နှင့်ရှမ်းပြည်နယ်မြောက်ပိုင်းဒေသများမှ နေရပ်စွန့်ခွာရွှေ့ပြောင်းနေထိုင်ရသူများအား ကာကွယ်စောင့်ရှောက်ရေး၊ နေအိမ်အမိုးအကာပံ့ပိုးပေးခြင်း၊ခိုလှုံရာစခန်းများစီမံခန့်ခွဲခြင်းနှင့်ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ခြင်းနှင့်ကုလသမဂ္ဂအဖွဲ့အစည်းများနှင့်အတူကယ်ဆယ်ရေးပစ္စည်းများပံ့ပိုးပေးခြင်းစသောအရေးပေါ်တုံ့ပြန်ဆောင်ရွက်မှုလုပ်ငန်းစဉ်တွင်လည်း ဦးဆောင်ဦးရွက်ပြုနေသည့်အဖွဲ့အစည်းလည်းဖြစ်ပါသည်။ "ဂျပန်နိုင်ငံအနေနဲ့ ဒုက္ခသည်တွေနဲ့နေရပ်စွန့်ခွာထွက်ပြေးရသူတွေကို နှစ်ပေါင်းများစွာအစဉ်တစိုက် ကူညီဆောင်ရွက်ပေးမှုအပေါ် ကျွန်တော်တို့တကယ့်ကိုအသိအမှတ်ပြုဂုဏ်ယူမိပါတယ်"ဟု မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာမဟာမင်းကြီးရုံးကိုယ်စားလှယ် Giuseppe de Vincentiis မှ ပြောကြားခဲ့ပါတယ်။ "ယခုလက်ရှိလှူဒါန်းမှုကို ပြည်တွင်းနေရပ်စွန့်ခွာရွှေ့ပြောင်းနေထိုင်သူတွေရဲ့ အလိုအပ်ဆုံးနှင့်အခြေခံအကျဆုံး လိုအပ်ချက်တွေကိုဖြည့်ဆည်းဆောင်ရွက်ပေးမှာဖြစ်ပြီး၊ တချိန်တည်းမှာပဲ မြန်မာနိုင်ငံအစိုးရနဲ့အတူ ဒုက္ခသည်တွေရဲ့ အတိဒုက္ခခံစားနေရတာတွေကိုရေရှည်ပြေလည်နိုင်စေဖို့အဖြေရှာဆောင်ရွက်နေတာကိုလည်း ဆက်လက်လုပ်ဆောင်သွားမှာဖြစ်ပါတယ်"။

ဂျပန်နိုင်ငံ၏ ကုလသမဂ္ဂကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ်သို့ စေတနာအပြည့်အဝဖြင့် ထည့်ဝင်လှူဒါန်းငွေ ဂျပန်ယန်း ၂.၂၆ ဘီလီယံ(အမေရိကန်ဒေါ်လာ၁၉သန်း)ကို ရခိုင်ပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် အခြေခံအဆောက်အဦများ (ပြန်လည်) တည်ဆောက်ပေးခြင်း၊ ကယ်ဆယ်ရေးပစ္စည်းများဖြန့်ဝေခြင်း၊ အာဟာရအထောက်အပံ့များ ပံ့ပိုးကူညီခြင်းနှင့် နေ့စဉ်ကျောင်းတွင်းအာဟာရပံ့ပိုးပေးခြင်း အစရှိသည့်လုပ်ငန်းများ လုပ်ဆောင်ခြင်းဖြင့် ပြည်တွင်း နေရပ်စွန့်ခွာရွှေ့ပြောင်းနေရသူများ၊ ရေကြီးမှုနှင့် မြေပြိုမှုကြောင့် ဘေးဒုက္ခခံစားနေရသူများ၊ ကိုယ်ဝန်ဆောင်နှင့်နို့ချိုတိုက်ကျွေးမိခင်များ၊ အာဟာရချို့တဲ့ကလေးသူငယ်များ၊ ခုခံအားကျဆင်းမှုရောဂါနှင့်တီဘီရောဂါခံစားနေရသူများ၊ မူလတန်းကြိုနှင့် မူလတန်းအရွယ်ကလေးသူငယ်များအတွက် ပံ့ပိုးကူညီသွားမည်ဖြစ်သည်။ ပြည်တွင်းမှ ဝယ်ယူမည့် ဆန်၊ ပဲနှင့်ဆား၊ ပြည်ပမှဝယ်ယူမည့် ဟင်းသီးဟင်းရွက်ဆီ၊ အာဟာရမှုန့်များနှင့် အာဟာရဖြည့်ဘီစကစ်များအား လူဦးရေ ၃၀၀,၀၀၀ အတွက် ပံ့ပိုးပေးနိုင်ရန် ထည့်ဝင်လှူဒါန်းငွေများကို အဓိကထားသုံးစွဲမည်ဖြစ်သည်။ ကုလသမဂ္ဂကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ်အနေဖြင့် ပြည်တွင်းနေရပ်စွန့်ခွာရွှေ့ပြောင်းနေသူများနှင့် ဘေးသင့်ပြည်သူများကိုယ်တိုင်နှစ်သက်ရာဝယ်ယူစားသုံးနိုင်ရန်အတွက် ငွေသားထောက်ပံ့ပေးသည့်လုပ်ငန်းများတွင်လည်း အဆိုပါလှူဒါန်းငွေများကို အသုံးပြုမည်ဖြစ်ပါသည်။ "မြန်မာနိုင်ငံအစိုးရရဲ့ အတူတကွပူးပေါင်းဆောင်ရွက်မှုအပြင် ဂျပန်နိုင်ငံရဲ့ အချိန်အခါသင့်လှူဒါန်းမှုတွေကြောင့် ကုလသမဂ္ဂကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ်အနေနဲ့ ချင်းပြည်နယ်နဲ့ရခိုင်ပြည်နယ်ရှိ မြို့နယ်ပေါင်း၂၀ က အများဆုံးထိခိုက်ခံစားခဲ့ရတဲ့ ပြည်သူတွေရဲ့ ပြန်လည်ထူထောင်ရေးလုပ်ငန်းတွေကို ဆောင်ရွက်ပေးနိုင်တော့မှာဖြစ်ပါတယ်၊ ဒီအတွက်လည်းကျွန်တော်တို့ကျေးဇူးအများကြီးတင်ပါတယ်" ဟု မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ်မှ ဌာနေကိုယ်စားလှယ် Dom Scalpelli က ပြောကြားခဲ့ပါသည်။

---

ပိုမိုသိရှိလိုပါက ကျေးဇူးပြု၍အောက်ပါပုဂ္ဂိုလ်များအားဆက်သွယ်နိုင်ပါသည်။

**FAO Myanmar**
Renata Sivacolundhu, Emergency Communications & Advocacy Officer
Renata.sivacolundhu@fao.org/ +95 9 793 120 232

**UN-Habitat Myanmar**
Bijay Bahadur Karmacharya, Country Programme Manager
bijay.habitat@gmail.com / +95 9 421 170 787

**UNHCR Myanmar**
Kasita Rochanakorn, Associate Public Information Officer
rochanak@unhcr.org / +95 9 448 034 427

**WFP Myanmar**
May Myat Swe, Reports and Communications Officer
maymyat.swe@wfp.org/ +95 1 2305971~6 (Ext: 2424)